## အဘိဝံသပဲ

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။ တပည့်တော်သည် မကြာခင်က မြန်မာပြည်မှာ နာမည်ကြီးသော 'ဘိဝံသ'ဘွဲ့ရ ဆရာတော် တစ်ပါးအား လေဆိပ်ကို လိုက်ပို့စဉ် ထိုဆရာတော်သည် လမ်းဘေး ပလက်ဖောင်းပေါ်၌ တံတွေး နှစ်ကြိမ် ထွေးချပါသည်။ အမေရိကားမှာ အဲဒီလို ပြုလုပ်တာကို လူအများစု ကဲ့ရဲ့ပါသည် ဘုရား။ တပည့်တော်သည် ထိုဆရာတော်အား မလေးစားတဲ့ စိတ် ဖြစ်မိပါသည်။ ထိုကြောင့် ကုသိုလ်ပြုလုပ်ရင်း ငရဲရခဲ့သည်ကို တွေးပြီး စိတ်မကောင်း ဖြစ်နေပါသည်။ ထိုအကုသိုလ်ကို ဘယ်လို ဖြေဖျောက်ရမည်ကို သိလိုပါသည် ဘုရား။

ဝင်းထွန်းကြိုင် (ဖလော်ရီဒါး)

---

### ဝိနည်း ရှိပြီးသား

အမှန်တော့ မြတ်ဗုဒ္ဓက ရဟန်းတော်တွေ အဲဒါမျိုး မလုပ်ဖို့ကို သိက္ခာပုဒ်နဲ့ အသေးစိတ် ညွှန်ကြားပြီး ဖြစ်ပါတယ်။ အဲဒီ သိက္ခာပုဒ်တွေဟာ နှစ်ပေါင်း နှစ်ထောင် ကျော်နေပြီဖြစ်ပေမယ့် အံ့ဩစရာ ကောင်းလောက်အောင် ခေတ်ရှေ့ကို ရောက်ပြီး စေ့စပ်သေချာတာကို တွေ့ရပါတယ်။ တကယ် လိုက်နာကျင့်သုံးရင် အမှန်ပဲ လူ့တန်ဖိုးကို မြှင့်စေနိုင်ပါတယ်။ ဖတ်ကြည့် .. 'နာမကျန်း မဖြစ်ဘဲ မတ်တတ်ရပ်ပြီး ကျင်ကြီး ကျင်ငယ် မသွားရ၊ နာမကျန်း မဖြစ်ဘဲ စိမ်းစိုနေတဲ့ မြက်သစ်ပင် ရှိတဲ့ နေရာနဲ့ ရေထဲမှာ ကျင်ကြီး ကျယ်ငယ် မစွန့်ရ၊ တံတွေး မထွေးရ' ဆိုတာတွေက ရှင်ကျင့်ဝတ် သေခိယ သိက္ခာပုဒ်မှာ ပါပြီးသားဖြစ်လို့ ကိုရင်ဝတ် ကတည်းက အဲဒါတွေကို သင်ယူထားပြီးသားပါ။

ဒါပေမယ့် ရဟန်းအချို့မှာ အဆုံးအမ ကောင်းတဲ့ နေရာမှာ မနေဖူးလို့၊ စာမသင်ဖူးလို့၊ စာသင်ဖူးရင်တောင် ခပ်ပေါ့ပေါ့ ဖြစ်ကတတ်ဆန်း နေတတ်လို့၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်လို့ ဒီလို ကြုံရတာပါ။ 'ရဟန်းသည် သမံတလင်းပေါ်မှာ တံတွေး ထွေးရင် ဒုက္ကဋ် အာပတ် သင့်တယ် (ဝိ ၄၊ ၃၂၉)'ဆိုတဲ့ ဝိနည်း ပညတ်ချက် ရှိပြီးသားပဲ။

### ကိုယ့်ကြောင့်

ကိုယ် အမှတ်တမဲ့ လုပ်လိုက်မိလို့ ကိုယ်ရော ဗုဒ္ဓသာသနာပါ အကြည်ညို ပျက်ခံရတာမျိုး ဖြစ်သွားနိုင်တဲ့ အတွက် မိမိနိုင်ငံရဲ့ ပြင်ပကို ထွက်မယ့် ရဟန်းသံဃာ တစ်ပါးအနေနဲ့ ကိုယ်သွားမယ့် နေရာဒေသမှာ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲ၊ ဆင်ခြင်သင့်တဲ့ အပြုအမူတွေကို ကြိုတင် လေ့လာထားဖို့ အရေးကြီးပါတယ်။ အနည်းဆုံး ပတ်ဝန်းကျင် အခြေအနေ့ အချိန်အခါကို နားလည်နိုင်ဖို့ လေ့ကျင့်ထားသင့်တယ်။

ဒါမျိုးက ပိဋကတ် ဘယ်နှစ်ပုံဆောင်၊ အဘိဝံသ၊ အဂ္ဂမဟာ .. ၊ ဘာချုပ် ညာချုပ် စတဲ့ နောက်တွဲ ဘွဲ့တွေနဲ့ အလွန်ကြီး မပတ်သက်ပါဘူး။ အကြားအမြင် ဗဟုသုတ၊ ကိုယ့်ကိုယ်ကို ပြင်ဆင်ထားမှု၊ လူတောတိုးနိုင်တဲ့ စွမ်းရည်တွေနဲ့ပဲ ပတ်သက်နိုင်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က 'အဘိဝံသ'တစ်ပါးနဲ့ ဟောလီးဝုဒ်ကို အတူသွားစဉ် လက်ထဲက သုံးပြီးသား တစ်ရှူးဟောင်းကို 'လုစ်'ခနဲ လူသွားလမ်းပေါ် ပစ်ချတာကို ဘုန်းကြီး ကိုယ်တိုင် ကြုံဖူးတယ်။

### မထိုက်တန်ဘူး

၁၉၉၆ ခုနှစ်၊ အိန္ဒိယ ဗုဒ္ဓဂယာ ဘုရားဖူးက အပြန် ယိုးဒယားကို ဝင်လည်မလို့ ယိုးဒယား လေယာဉ်ပေါ်မှာ ဦးပဏ္ဍိတ (ယခု လပွတ္တာ သက်နိုးကုန်း ဆရာတော်)က အခြားလူတွေ လုပ်သလို ယိုးဒယား လေယာဉ်မယ်ဆီက သတင်းစာကို ဆွဲယူမိလို့ အဲဒီ ဒကာမရဲ့ မျက်နှာ တီကောင်ကို ဆားတို့လိုက်သလို ရှုစ်ခေါက်ချိုး ဖြစ်သွားရုံမက သူ့တွန်းလှည်း ဘုန်းကြီးတွေ အနားကို သိသိသာသာကြီး ကပ်မလာတော့ဘူး (အမျိုးသမီး ကိုင်ထားတဲ့ ဘာမဆိုကို ယိုးဒယား ဘုန်းကြီးတွေက လက်နဲ့ မထိရဘူး၊ ဒါ သူတို့ဆီက ယဉ်ကျေးမှု၊ ဝိနည်းနဲ့တော့ ဘာမှ မဆိုင်ဘူး)။ ဒါမျိုးကိုတော့ မသိလို့ လုပ်မိတာချင်း တူရင်တောင် ခွင့်လွှတ်နိုင်ပါသေးတယ်။

၁၉၉၈ ခုနှစ်၊ စင်္ကာပူကို ရောက်တုန်းက ဘုန်းကြီးနဲ့ အတူလာတဲ့ ဆေးငုံ ကိုယ်တော်က (မြန်မာပြည်မှာ လုပ်နေကျ အတိုင်း) ပလက်ဖောင်း ပေါ်ကို ပျစ်ကနဲ တံတွေး ထွေးချတော့ ရှေ့တူရူက လာနေတဲ့ တရုတ်မလေး ပခုံး တွန့်သွားတယ်။ ဒါကို ဘေးလူဖြစ်တဲ့ ဘုန်းကြီးက သတိပြုမိလိုက်ပေမယ့် ဇောနဲ့ စကားပြောရင်း လျှောက်နေတဲ့ ကျူးလွန်သူ ကိုယ်တော်က သိလိုက်ပုံတောင် မရပါဘူး။ (အဲဒီတုန်းက တံတွေး စဉ်လို့ သူ့ဘေးကကပ်ပြီး လိုက်နေတဲ့ ဘုန်းကြီးလည်း သူ လုပ်ပုံကို စိတ်ထဲက မကြိုက်နိုင်ဘူး ဖြစ်နေတာ။ ဒါကြောင့် ခုထိ မှတ်မိနေတာပေါ့)။ ဒါမျိုးကျတော့ ခွင့်မလွှတ်နိုင်ဘူး။

ကိုယ်စည်းကမ်း နှုတ်စည်းကမ်းရှိမှ ဒီမိုကရေစီဆိုတာနဲ့ ထိုက်တန်မှာပေါ့။ ဒီလို မဟုတ်ရင် 'ဒီမိုးကရေစီး'ပဲ ဖြစ်နေအုံးမှာ။

**ဒါပေမယ့်**

လူနေမှုပုံစံ မတူတဲ့ နိုင်ငံရပ်ခြားမှာ ကိုယ်အပါအဝင် လူအတော် များများ အဆီအငေါ် မတည့်တာတွေ မကြာခဏ ကြုံရနိုင်ပါတယ်။ ဘုန်းကြီးကျောင်း တစ်ခုမှာ မြန်မာပြည်က ရောက်ခါစ ရဟန်းတစ်ပါး ကျောင်းဝင်းထဲ ပတ်ပြီး လမ်းလျှောက်ရင်း ကျောင်းဝင်း ကျယ်တာနဲ့ ကုဋီကို မရောက်နိုင်တော့လို့ ထင်ပါတယ်။ ခါးတောင်းကျိုက်တဲ့ အရွယ် ငယ်ငယ်ကလို မတ်တတ်ရပ် လက်ကြားညှပ်ပြီး ချုံကွယ်မှာ ရှူရှူပေါက်တော့ (ဟော .. နည်းနည်း ကြမ်းတယ်နော် .. မရယ်ပါနဲ့ မှတ်မိအောင်လို့ပါ) ကံဆိုးရှာလို့ အဲဒါကို ဒကာ တစ်ယောက် မြင်သွားသတဲ့။ ကိုယ်တော်ခမျာ အတော် အပြင်းအထန် ဝေဖန်ခံလိုက်ရတယ်။ ပြန်တောင် သွားရသလား မသိဘူး။ လူအချို့ဟာ နားလည်ပေးနိုင်တဲ့ အရည်အချင်း ခေါင်းပါးပုံပဲ။ ဒါပေမယ့် ဒီလိုတော့ ဆင်ခြင်သင့်တယ် ..

**ဆင်ခြင်ပါ**

နိုင်ငံခြားမှာ အတော်လေး အနေကြာလို့ ကိုယ့်ကိုယ်ကို very အထင် မ'big'သင့်ပါဘူး။ သူနဲ့ ကိုယ်နဲ့က ဘဝတူ ဇာတ်တူထဲက ဖြစ်တယ် ဆိုတာကို အမြဲ သတိရပါ။ မြတ်စွာဘုရားက လွဲပြီး ရဟန္တာတွေတောင် မွေးရာပါ စရိုက်နဲ့ ဝါသနာကို မပယ်နိုင်ကြဘူး။ ရဟန္တာကြီး အချို့ ခပ်ကြမ်းကြမ်း ပြောဆိုနေထိုင်တတ်တာမျိုး ကျမ်းဂန် ဖော်ပြချက်တွေ ရှိတယ်။ ဒါကြောင့် ယခုလို ဖြစ်ရပ်မျိုးနဲ့ ကြုံလာရင် 'အင်း .. သူ့ခမျာ မသိရှာလို့၊ အထာ မကျသေးလို့ လုပ်မိတာပဲ'လို့ ဆင်ခြင်ပြီး ခွင့်လွှတ်နိုင်အောင် လေ့ကျင့်သင့်တယ်။ နောက်တစ်ကြိမ် ဒါမျိုး ကြုံခဲ့ရင် ..

မသိမသာလေး တံတွေးခွက် သူ့အနား ထိုးပေး၊ မရှိရင် ရှာပေးတာမျိုး လုပ်နိုင်တယ်။ လမ်းပေါ် အမှိုက် ပစ်ချတာ တွေ့ရင် သူမြင်သာအောင် လိုက်ကောက်ပြီး ဘောင်းဘီ အိတ်ထဲမှာ ပြန်ထည့်ပြ။ အဲဒီလို လုပ်လို့ သူက စပြောလာခဲ့ရင် အဲဒီအခါ သူ့ကို ဒီကစရိုက်နဲ့ အဲဒီလို ထွေးချ ပစ်ချတာကို လူတွေ အထင်သေးတတ်ကြောင်းကို ပွင့်လင်းစွာ လျှောက်နိုင်တယ်။ 'အဘိဝံသ'ပဲ ဆင်ခြင်သွားပါလိမ့်မယ်။

**အကုသိုလ်**

ကဲ့ရဲ့မိတာကို စိတ်ထဲမှာ ခဏခဏ ပြန်မစဉ်းစားပါနဲ့။ စဉ်းစား မိရင်လည်း 'သာသနာအတွက် စေတနာကောင်းနဲ့ ငါ့စိတ်ထဲ အဲဒီလို ဖြစ်မိတာပါ'လို့ စိတ်ကို ပြန်ပြင်ပါ။ 'ငါ မှန်တယ်၊ ဒီ ကိုယ်တော် အသုံး မကျလို့ ဖြစ်ရတာ'လို့တော့ ကိုယ့်ကိုယ်ကို မကာကွယ်နဲ့။ ကိုယ်တော်နဲ့ ပြန်ဆုံဖြစ်ရင် ကန်တော့ ဝတ်ပြုစဉ် စိတ်ထဲက စူးစူးစိုက်စိုက် တောင်းပန်ရင်လည်း (သူ့ကိုလည်း စိတ်ထဲကပဲ ပြောခဲ့တာပဲလေ) မဆိုးပါဘူး။ သူ့မှာက စောင့်ထိန်းထားတဲ့ သီလ ကိုယ့်ထက် သာတယ် မဟုတ်လား။ ဒီလိုနည်းနဲ့ အကုသိုလ် မဖြစ်အောင် တားနိုင်မယ်လို့ ထင်ပါတယ်။ စိတ်ထားနဲ့ စေတနာသာ အဓိကပါ။ ❐

အရှင်ကေလာသ
စက်တင်ဘာ ၂၁။ ၂၀၁၅။

------------------